# H ကလေးမွေးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်း

H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

ကလေးမွေးခြင်း၊ ပြုစုပျိုးထောင်ခြင်းဆိုသည်မှာ ဘဝအသက်တာတွင်အရေးပါသောအကြောင်းအရာတခုဖြစ်သည်။ ဤနေရာတွင်ကိုယ်ဝန်ဆောင်သည်မှစတင်၍ မွေးဖွား၊ ပြုစုပျိုးထောင်ရာတွင်လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ ကလေးပြုစုပျိုးထောင်ရာတွင်အထောက်အကူပြုသောဂန်ဆောင်မှုများကို တင်ပြသွားမည်ဖြစ်သည်။

## 1. ကိုယ်ဝန်ဆောင်ခြင်း။

ကိုယ်ဝန်ဆောင်ခြင်း၊မွေးဖွားခြင်းဆိုသည်မှာမွေးဖွားလာမည့်ကလေးငယ်နှင့်ပတ်သက်၍ကြီးလေးသောတာဝန်ယူခြင်းဖြစ်သည်။ လင်မယားနှစ်ဦးနှင့် မွေးဖွားလာမည့်ကလေးငယ်အတွက်သင့်တော်လျှောက်ပတ်သော အခြေအနေတွင် ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်းကို လုပ်ဆောင်သင့်သည်။ ကိုယ်ဝန်ရှိသည်ကိုသိပါကချက်ခြင်းမြို့နယ်ရုံးသို့သွား၍ ကိုယ်ဝန်ရှိကြောင်းကို အကြောင်းကြားပါ။ ဂျပန်နိုင်ငံတွင်ကိုယ်ဝန်ဆောင်သော အခါတွင်မိခင်ကလေးကျန်းမာရေး မှတ်တမ်းစာအုပ်ကို ထုတ်ပေးပြီး၊ ကိုယ်ဝန်ဆောင်ခြင်း၊ မွေးဖွားခြင်း ၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်သော အသိပညာနှင့်နည်းလမ်းကို သင်ပြပေးသောသင်တန်းများလည်း ဖွင့်လှစ်ပေးလျှက်ရှိသည်။

### 1-1 ကိုယ်ဝန်ရှိသောအခါ

ကိုယ်ဝန်ရှိသောအခါတွင်မိခင်လောင်းဖြစ်သူကနေထိုင်လျှက်ရှိသောမြို့နယ်ရုံးသို့ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားပါ။မြို့နယ်အလိုက်ကွဲပြားမှု ရှိသောကြောင့်၊အသေးစိတ်အားသက်ဆိုင်ရာမြို့နယ်ရုံးသို့စုံစမ်းမေးမြန်းပါ။ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားသောအခါတွင်”မိခင်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်”ကိုလက်ခံရယူနိုင်မည်ဖြစ်သည်။